# ကျောင်းသန့်

## ချစ်သော ဆရာ / ဆရာမလေးများ

## ဖတ်ဖို့ ၊၁၊



## ချစ်သော ဆရာ၊ ဆရာမလေးများ သို့ ...

နိုင်ငံအတွင်းရှိ ကျောင်းအသီးသီးသို့ သွားရောက်၍ မွန်မြတ်သော ကျောင်းဆရာတာဝန်ကို ထမ်းဆောင်ကြရတော့မည်။ ကျောင်းဆရာအလုပ်ကို စိတ်အားထက်သန်စွာ လိုလိုလားလား လက်ခံတာဝန်ယူခြင်းအတွက် ချစ်သော ဆရာ၊ ဆရာမလေးများအား ဂုဏ်ပြုပါသည် ။ ကျောင်းများ သို့ မသွားမီကျောင်းဆရာအိုကြီးတစ်ဦးအနေဖြင့် ဖြတ်သန်းခဲ့ရသော ကျောင်းဆရာအတွေ့အကြုံ ဆောင်ရန်၊ ရှောင်ရန်များအား စေတနာစကားဖြင့် တလေးတစား လက်ဆောင်ပါးပါသည် ။ နှစ်သက်လျှင် လက်ခံ၊ မနှစ်သက်လျှင်လည်း ဝေဖန်။ ဆရာ၊ ဆရာမလေးတို့ ၏ စကားသံကို အမှန်အကန် ပြန်ကြားချင်ပါတော့၏။

**ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ၍ တိုးတက်အောင်မြင် ပျော်ရွှင်ငြိမ်းချမ်းကြပါစေ။**

**ချစ်ခင်လျက်**

**ကောင်းသန့်**


*

ဆရာဆိုတာ...

"Teachers have 3 LOVES:
LOVE of learning,
LOVE of learners,
and LOVE of
bringing the first
two loves
together."

\- Scott Hayden

ဆရာတွေမှာ ချစ်မြတ်နိုးမှု သုံးခုရှိပါတယ်။
သင်ယူဖို့ ချစ်မြတ်နိုးခြင်း၊
သင်ယူသူတွေကို ချစ်မြတ်နိုးခြင်းနှင့်
ပထမ ချစ်မြတ်နိုးမှု နှစ်ခုစလုံးကို
ပေါင်းစည်းပေးရတာကို
ချစ်မြတ်နိုးခြင်းတို့ပါပဲ။



**ဆရာဆိုတာ...**

အနန္တငါးပါးဂိုဏ်းဝင်

လူရိုသေ ရှင်ရိုသေ ပုဂ္ဂိုလ်တစ်ဦးပါ။

မြန်မာ့ လူ့အဖွဲ့အစည်းမှာ

အိမ်ဦးခန်းမှာ နေရာပေးထားခြင်း ခံရသူတစ်ဦးမို့

သာမန်လူတစ်ဦးလို

စည်းမဲ့ကမ်းမဲ့

စိတ်လွတ်ကိုယ်လွတ်

နေချင်သလိုနေ

လုပ်ချင်သလိုလုပ်ခွင့်မရှိတဲ့

လူ့သူတော်စင်တစ်ဦးပါ။

ကိုယ့်နေရာကိုယ် နေတတ်ကြပါစေ။

* * *

**ဆရာဆိုတာ ...**

လူသားဥယျာဉ်မှူးကြီးတစ်ဦးပါ။

ပန်းစုံမြိုင်ပေါကြွယ်တဲ့ လူသားဥယျာဉ်ကြီးထဲမှာ

လှပတဲ့ ပန်းလေးတွေ ဖူးပွင့်ဝေဆာအောင်

မြေဆွ၊ ပေါင်းသင်၊ ရေလောင်းပြီး

ထာဝစဉ် အလုပ်ရှုပ်နေတဲ့ ဥယျာဉ်မှူးကြီးပေါ့။

သူ့ပန်းလေးတွေ ဖူးပွင့်ဝေဆာ လှပလာအောင်

စေတနာ ဗရပွနဲ့ ယုယမြတ်နိုး

ပြုစုပျိုးထောင်ပေးနေတဲ့ ပန်းဥယျာဉ်မှူးနဲ့ တူတဲ့

လူသား ဥယျာဉ်မှူးကြီးပါပဲ။

ပန်းလိုချင်လို့ အပင်ပျိုးပေမဲ့ ...

သူခူးဆွတ်၊ သူပန်ဖို့ မဟုတ်ရရှာပါဘူး။

လောကကောင်းကျိုးအတွက်ပါ။

ကမ္ဘာကြီး ငြိမ်းချမ်းသာယာလှပဖို့ အတွက်ပါ။

* * *

**ဆရာဆိုတာ ...**

ပညာရေးစစ်မြေပြင်က ဘုရင့်စစ်သူကြီးတစ်ဦးပါပဲ။

သိကြတဲ့ အတိုင်းပါပဲ။

ပညာရေးစစ်မြေပြင်က ကျယ်ပြန့်ပါတယ်။

မသိခြင်းအမှောင်ထုကို ဖြိုခွင်းဖို့

ပညာဆီမီးထိန်ထိန်ညီးဖို့ လိုအပ်ပါတယ်။

အဲဒီဆီမီးခွက်တွေကို ထွန်းညှိဖို့

ဘုရင့်စစ်သူကြီးတွေ မရှိမဖြစ်လိုအပ်ပါတယ်။

ပညာရေးစစ်မြေပြင်မှာ

မသိခြင်းရန်သူတွေနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အခါ

ရှေ့တန်းကနေ ဦးဆောင်ပြီး တိုက်ပွဲဝင်ပေးရမဲ့သူဟာ

အဲဒီဘုရင့်စစ်သူကြီးပဲပေါ့။

အမှောင်ခွင်းလို့ အလင်းဆောင်၊

ရှေ့ဆောင်လမ်းပြ၊

ဘုရင့်စစ်သူကြီးတွေပဲ မဟုတ်လားဗျာ။

* * *

**ဆရာဆိုတာ ...**

အပြောကျယ်တဲ့ လူမှုနယ်ပယ်က လူမှုရေးသမားတော်ကြီးပါ။

ဆရာဝန်တွေက လူနာတွေရဲ့ အသက်ကို ကုသကယ်တင်ပေးကြတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ အကြောင်းကြောင်းကြောင့် သူတို့ လူနာရဲ့ အသက်ကို မကယ်နိုင်ခဲ့ဘူး။

ဆရာဝန်ရဲ့ ကုသလို့ မှားတာဖြစ်ဖြစ်၊ ပေါ့ဆလို့ မှားတာပဲဖြစ်ဖြစ် လူတစ်ယောက်ပဲ သေနိုင်ပါတယ်။

ကျောင်းဆရာတစ်ယောက် အတွေးအခေါ် အယူအဆမှားပြီး မသင့်တော် မမှန်ကန်တဲ့ အကြံအစည် အတွေးအခေါ်တွေကို ကလေးတွေ ခေါင်းထဲ ရိုက်သွင်းခဲ့မိရင် မျိုးဆက်တစ်ဆက်အထိ ဒုက္ခရောက်သွားစေနိုင်ပါတယ်။

ဆရာဆိုတာ မှန်ကန်တဲ့ အတွေးအခေါ်၊ ကောင်းမွန်တဲ့ စိတ်ကူး စိတ်သန်းတွေကိုသာ ကလေးတွေထံ လက်ဆင့်ကမ်းပေးရပါမယ်။ ကလေးသူငယ်ကျောင်းသားတွေဟာ အစစအရာရာ ပြည့်စုံပြီး ကျောင်းရောက်လာကြတဲ့ သူတွေရှိသလို၊ လူမှုရေး အခက်အခဲတွေနဲ့ ကျောင်းလာတက်နေရတဲ့ သူတွေလည်း ရှိပါတယ်။

ဆရာက သူတို့ ရဲ့ လူမှုအခက်အခဲတွေကို တတ်စွမ်းသမျှ ဖြေရှင်း

ပေးနိုင်တဲ့ လူမှုရေးသမားတော်ကြီးလည်း ဖြစ်ရမှာ ပေါ့။

*